# မြန်မာ့အရေးအဖြေရှာမှုနှင့် အင်အားကြီးနိုင်ငံများအကြား အားပြိုင်မှုအတွက် အသုံးချခံမြေစာပင် ဖြစ်နိုင်ခြေ

## ဖြစ်ရပ်အချက်အလက်

၂၀၂၂ ခုနှစ် မတ် ၁၀ ရက်မှာ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါနဲ့ တိုင်းရင်းသားလက်နက်ကိုင် (EAOs) ခေါင်းဆောင်အချို့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ တွေ့ဆုံခဲ့ကြပါတယ်။ တခါ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ် ပရက်ဆုက်ခွန်းက မတ်လ တတိယပတ်အတွင်း မြန်မာနိုင်ငံကို လာဖို့ရှိပါတယ်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန် ဖိတ်ခေါ်ခဲ့တဲ့ အာဆီယံ-အမေရိကန် ထိပ်သီးအထူးဆွေးနွေးပွဲကို ဝါရှင်တန်မှာလုပ်ဖို့ စီစဉ်နေပါတယ်။

## ကနဦးသုံးသပ်ချက်

မြန်မာ့အရေး နိုင်ငံတကာ အထူးကိုယ်စားလှယ်တွေထဲမှာ စစ်တပ်နဲ့ နီးစပ်သူတွေလည်း ရလဒ်ထွက်ပေါ်အောင် မလုပ်နိုင်သေးသလို၊ အခြားတဖက်မှာလည်း ယုံကြည်ထိုက်တဲ့ ကိုးစားခံရမှု အားသာချက် (Credibility Leverage) က ကျဆင်းနေပါတယ်။ မြန်မာ့အရေးဖြေရှင်းနိုင်ဖို့ ဓေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်တွေ မစခင်မှာပဲ စစ်တပ်နဲ့ အာဏာခွဲဝေရေး (Power-sharing) ဆိုတဲ့ အင်တာဗျူးစကားရပ်ကြောင့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်သစ် မစ္စနိုလင်းဟေဇာဟာ တာအထွက်မှာ တက်ကျိုးသလို ဖြစ်ခဲ့ရပါတယ်။ တခါ အာဆီယံ ဘုံသဘောတူညီချက်ငါးရပ်မှာ အခြေခံအကျဆုံးဖြစ်တဲ့ အကြမ်းဖက်မှုတွေ ချက်ချင်းရပ်ဖို့ စစ်ကောင်စီကို အာဆီယံ အထူးကိုယ်စားလှယ်သစ်က နားမချနိုင်သေးပါဘူး။ ဒါ့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် ဘက်အသီးသီးနဲ့ တရားဝင် အပြည့်အဝ တွေ့ဆုံဆွေးနွေးဖို့ရာလည်း နှောင့်နှေးနေပါတယ်။

ISPONPOINT

ယခုဖော်ပြသည့် ISP's OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆီလျော်မည့် ကနဦး သုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြသွားပါမည်။

မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါကတော့ စစ်တပ်နဲ့ နီးစပ်သူဖြစ်တာကြောင့် သူ့အပေါ် မြန်မာ့တော်လှန်ရေး အတိုက်အခံများရဲ့ယုံကြည်မှုက အားနည်းပါတယ်။

ISP-Myanmar ရဲ့ **ကနဦးသုံးသပ်ချက် အမှတ်-၄** မှာ တင်ပြခဲ့သလို အထူးကိုယ်စားလှယ်တွေရဲ့ လုပ်နိုင်စွမ်းဟာ အကန့်အသတ်ဆက်ရှိနေပြီး အနိမ့်ဆုံး လုပ်နိုင်စွမ်းဖြစ်တဲ့ အရပ်သားပြည်သူတွေအပေါ် အကာအကွယ်ပေးရေးကိစ္စနဲ့ လူသားချင်းစာနာမှုအကူအညီပေးရေးကိစ္စတွေကိုတောင်အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါဘူး။ ဒီလိုဖြစ်ရခြင်းမှာ စစ်ကောင်စီဘက်က ကန့်ကွက်မှုတွေနဲ့ ငြင်းပယ်မှုတွေကြောင့်လည်း ပါဝင်ပါတယ်။ လက်ရှိမှာလည်း ပဋိပက္ခနယ်မြေတွေအတွင်း ထိုးစစ်ဆင်မှုကို စစ်ကောင်စီက ပိုလုပ်နေပါတယ်။ ရွာလုံးကျွတ် မီးရှို့တာ၊ နေအိမ်တွေကိုချိတ်ပိတ်တာ စတဲ့ ဖိနှိပ်မှုတွေလည်း ပိုပြင်းထန်လာပါတယ်။ အရပ်သားသေဆုံးမှုနဲ့ စစ်ပြေးဒုက္ခသည်အရေအတွက်လည်း ဆက်တိုးနေပါတယ်။

ဒီအခြေအနေမှာပဲ မတ် ၁၀ ရက်မှာ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ဥက္ကဋ္ဌ ခူဦးရယ်၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်ဆစ်တို့ကို ဂျပန် အထူးကိုယ်စားလှယ် ဆာဆာကာဝါက လူကိုယ်တိုင် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့လည်း တွေ့ခဲ့ပါတယ်။ ချင်းမိုင်တွေ့ဆုံမှုမတိုင်ခင် ဆာဆာကာဝါဟာ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့တွေ့ခဲ့သလို၊ ထိုင်းဝန်ကြီးချုပ်နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အင်ဒိုနီးရှားကို သွားခဲ့တယ်ဆိုတဲ့ သတင်းစကားတွေလည်း ရှိပါတယ်။ အဲဒီတွေ့ဆုံမှုတွေက ထူးခြားတဲ့အပြင်၊ ဆာဆာကာဝါနဲ့ တွေ့ဆုံမှုကိုအကြောင်းပြုပြီး PPST နဲ့ဆက်စပ်နေတဲ့ EAOs ခေါင်းဆောင် (ဥက္ကဋ္ဌများ) တွေ နေရာတခုတည်းမှာ လူချင်းတွေ့ဆုံခဲ့ခြင်းက စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်နိုင်ပါတယ်။ ဆာဆာကာဝါဟာ ဒီတွေ့ဆုံမှုပြီးရင် မြန်မာနိုင်ငံကို လူကိုယ်တိုင်သွားဖို့ရှိကောင်းရှိမယ်၊ ဒါမှမဟုတ် စစ်ကောင်စီခေါင်းဆောင်နဲ့ အွန်လိုင်းကနေဆွေးနွေးမှုလုပ်ဖွယ်ရှိတယ်လို့လည်းဆိုပါတယ်။ အာဆီယံအထူးကိုယ်စားလှယ် ပရက်ဆုက်ခွန်းကတော့ မတ် ၂၀ ရက်ကနေ ၂၃ ရက်အထိ မြန်မာနိုင်ငံကိုလာမှာ ဖြစ်ပါတယ်။

ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါရဲ့ ချင်းမိုင်တွေ့ဆုံမှုရလဒ်နဲ့ အာဆီယံအထူးကိုယ်စားလှယ် ပရက်ဆုက်ခွန်းရဲ့မြန်မာခရီးစဉ်ရလဒ် ဘယ်လိုထွက်မယ်ဆိုတာ မသိနိုင်သေးမဲ့ မူလက မတ်လကုန်မှာလုပ်ဖို့ စီစဉ်ထားတဲ့ အာဆီယံ-အမေရိကန် အထူးထိပ်သီးဆွေးနွေးပွဲနဲ့ ဆက်စပ်နေနိုင်ပါတယ်။ ယူကရိန်းအပေါ် ရုရှားရဲ့ ကျူးကျော်စစ် အရှိန်ကောင်းနေဆဲအချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်က အာဆီယံခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး အထူးဆွေးနွေးပွဲလုပ်ဖို့ စီစဉ်ခဲ့တာပါ။ စစ်ကောင်စီကို ချန်လှပ်ထားမယ့် ဒီဆွေးနွေးပွဲမှာ မြန်မာ့အရေး

က ဦးစားပေးကိစ္စတခု ဖြစ်နိုင်ပါတယ်။ တရုတ်က ကျောထောက်နောက်ခံပေးထားတဲ့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ကမ္ဘောဒီးယားရဲ့မြန်မာ့အရေးကြိုးပမ်းမှု မအောင်မြင်သေးချိန်မှာ အမေရိကန်ရဲ့ မြန်မာ့အရေးကိုင်တွယ်မှု ပုံစံသစ် ပေါ်ထွက်နိုင်တယ်လို့ ယူဆရပါတယ်။ လက်တွေ့မှာလည်း မြန်မာ့အရေး တိုးတက်မှုမရတဲ့ အပေါ် ကမ္ဘောဒီးယားက စိတ်ပျက်နေပြီး အာဆီယံအဖွဲ့တွင်း ကိုင်တွယ်ရခက်တဲ့ပြဿနာ ဖြစ်နေပါတယ်။ အထူးသဖြင့် အာဆီယံကနေမြန်မာထွက်မလား၊မြန်မာကိုထုတ်မလားဆိုတာဟာ ၂၀၂၃ ခုနှစ်မှာ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဖြစ်လာမယ့် အင်ဒိုနီးရှားအတွက် အခက်ကြုံမယ့်ကိစ္စ ဖြစ်ပါတယ်။

## ■ ဖြစ်တန်ခြေအကဲဖြတ်ချက်

မြန်မာ့အရေး နိုင်ငံတကာ အထူးကိုယ်စားလှယ်တွေရဲ့ကြိုးပမ်းမှုဟာ သိသာတဲ့ ရလဒ်မထွက်၊ သပွတ်အူလိုက်နေရုံတင်မက လူထုက ယုံကြည်ထိုက်လောက်တဲ့ ကိုးစားမှုလည်း ကျဆင်းနေပါတယ်။ တချိန်တည်းမှာ အာဆီယံရဲ့ ကိုင်တွယ်မှုကလည်း အကျိုးသက်ရောက်မှု မဖြစ်သေးတဲ့အပြင် အခန့်မသင့်ရင် အာဆီယံကနေ စစ်ကောင်စီ ထွက်သွားနိုင်ပါသေးတယ်။ ISP-Myanmar ရဲ့ **ကနဦးသုံးသပ်ချက် အမှတ်-၆** မှာ ထောက်ပြခဲ့သလိုပါပဲ နိုင်ငံတကာ အထူးကိုယ်စားလှယ်တွေအနေနဲ့ EAOs တွေနဲ့သာမက အခုဖြစ်နေတဲ့ အခြေအနေမှာ အရေးပါတဲ့ ပလေယာသစ်အဖြစ် ပါဝင်နေတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေရဲ့ အခန်းကဏ္ဍကို တိတိပပ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုတာမျိုး၊ ထည့်သွင်းဆောင်ရွက်တာမျိုး မလုပ်ရင်တော့ လူသားချင်းစာနာမှု အကူအညီတွေပေးရေးကစလို့ ပဋိပက္ခဖြေရှင်းရေးအထိ ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။ သိမ်မွေ့တဲ့ ကြားဝင်ဆောင်ရွက်ရေး အားထုတ်မှုတွေမှာ ဘယ်လိုပလေယာတွေက ဘယ်လိုအချိန်မှာ ဘယ်လိုအခန်းကဏ္ဍက ပါဝင်မလဲဆိုတဲ့ Sequencing အစဉ်ရွေးချယ်မှုလိုအပ်ချက် ရှိနေနိုင်တာကိုလည်း မျက်ကွယ်ပြုလို့မရပါဘူး။ ဒါပေမဲ့ အဓိက ပါဝင်ရမယ့်သူတွေရဲ့ အခန်းကဏ္ဍကို ဝါးတားတားလုပ် နှုတ်ဆိတ်နေလို့လည်း မရပါဘူး။ ဒါ့အပြင် နိုင်ငံတကာဘက်မှာလည်း မြန်မာ့အရေးအတွက် ကုလသမဂ္ဂ၊ အာဆီယံ၊ တရုတ်၊ ဂျပန် စတဲ့ အထူးကိုယ်စားလှယ် မျက်နှာစုံညီ တွေ့ဆုံလို့ပဲဖြစ်ဖြစ်၊ ဒါမှ မဟုတ် ကုလသမဂ္ဂ၊ အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ဂျပန်၊အမေရိကန်စသဖြင့်အဆင့်မြင့်ကိုယ်စားလှယ်တွေ တွေ့ဆုံလို့ပဲဖြစ်ဖြစ် မြန်မာလူထုရဲ့အသံကို နားထောင်ပြီး အချင်းချင်း ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်မှုလုပ်မှသာ အဖြေရှာနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ဒီလိုဖြစ်မလာဘူးဆိုရင် မြန်မာ့အရေးဟာ ပြဿနာပြေလည်ရေးထက် တရုတ်-အမေရိကန်စတဲ့ အင်အားကြီးနိုင်ငံတွေရဲ့ အားပြိုင်မှုအတွက် အသုံးချခံ မြေစာပင်သာ ဖြစ်လာနိုင်ခြေရှိပါတယ်။ ■

## မြန်မာ့အရေး နိုင်ငံတကာ အထူးကိုယ်စားလှယ်များ၏ ဆောင်ရွက်မှု ရက်စဉ်မှတ်တမ်းအချို့

| | |
|---|---|
| ဇွန် ၄၊ ၂၀၂၁ | ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး Erywan Yusof (အာဆီယံ အထူးကိုယ်စားလှယ်) နှင့် အာဆီယံ အတွင်းရေးမှူးချုပ် Lim Jock Hoi တို့ နေပြည်တော်သို့ လာရောက်ခဲ့။ |
| ဩဂုတ် ၂၁-၂၈၊ ၂၀၂၁ | တရုတ်အထူးကိုယ်စားလှယ် ဆွန်းကော်ရှန် မြန်မာနိုင်ငံသို့လာရောက်။ |
| အောက်တိုဘာ ၁၄၊ ၂၀၂၁ | အာဆီယံအထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ် ပျက်ပြယ်။ |
| နိုဝင်ဘာ ၁၂၊ ၂၀၂၁ | မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါ မြန်မာနိုင်ငံသို့ လာရောက်၊ ကိုယ်ရေးကိုယ်တာ ခရီးစဉ်ဖြစ်ကြောင်း ပြောဆို။ |
| နိုဝင်ဘာ ၁၃၊ ၂၀၂၁ | ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါနှင့် စစ်ကောင်စီဥက္ကဋ္ဌ တွေ့ဆုံ၊ ခရီးစဉ်အတွင်း ကိုဗစ်ကာကွယ်ဆေး နှစ်သန်းနှင့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၇ သန်း လှူဒါန်းမည်ဟု ကတိပြု။ |
| နိုဝင်ဘာ ၁၅၊ ၂၀၂၁ | တရုတ်အထူးကိုယ်စားလှယ် ဆွန်းကော်ရှန် မြန်မာနိုင်ငံသို့လာရောက်ပြီး စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံ။ |
| ဒီဇင်ဘာ ၂၇၊ ၂၀၂၁ | ကုလသမဂ္ဂ အထူးကိုယ်စားလှယ်သစ် နိုလင်းဟေဇာက နှစ်သစ်တွင် မြန်မာနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရန်တောင်းဆို။ |
| ဇန်နဝါရီ ၇-၈၊ ၂၀၂၂ | ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့အတူ အာဆီယံအထူးကိုယ်စားလှယ်သစ် နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်း (Prak Sokhonn) တို့ နေပြည်တော်သို့ နိုင်ငံတော်ခရီးစဉ်အဖြစ် လာရောက်ခဲ့။ |
| ဇန်နဝါရီ ၁၁၊ ၂၀၂၂ | ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က မြန်မာ့အရေးဖြေရှင်းရာတွင် ၂၀၂၁ အာဆီယံ ဥက္ကဋ္ဌ ဘရူနိုင်း၊ ၂၀၂၂ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနှင့် ၂၀၂၃ အာဆီယံဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံတို့ဖြင့် သုံးပွင့်ဆိုင်ဖြေရှင်းရန် အကြံပြု။ |
| ဖေဖော်ဝါရီ ၂၊ ၂၀၂၂ | ကုလအထူးကိုယ်စားလှယ်သစ် နိုလင်းဟေဇာက Channel News Asia သတင်းဌာနနှင့် အင်တာဗျူးတွင် ပါရှိခဲ့သော 'စစ်ကောင်စီနှင့် Power-Sharing လုပ်ရန်'ဆိုသည့် စကားရပ်ကြောင့် ပြန်လည်တောင်းပန်သည့် ကြေညာချက်ထုတ်ပြန်။ |
| ဖေဖော်ဝါရီ ၁၆၊ ၂၀၂၂ | ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မြန်မာ့အရေးကို လက်လျှော့လိုက်ပြီဖြစ်ကြောင်း ပြောကြား။ |
| ဖေဖော်ဝါရီ ၂၀၊ ၂၀၂၂ | အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုယ်စားလှယ်များနှင့် တွေ့ဆုံရန် အာဆီယံအထူးကိုယ်စားလှယ်၏ တောင်းဆိုချက်ကို စစ်ကောင်စီပယ်ချခဲ့။ |
| ဖေဖော်ဝါရီ ၂၁၊ ၂၀၂၂ | ကုလသမဂ္ဂ အထူးကိုယ်စားလှယ်သစ် နိုလင်းဟေဇာနှင့် မြန်မာအရပ်ဘက်အဖွဲ့အစည်း ၂၀ တွေ့ဆုံ။ |
| မတ် ၇၊ ၂၀၂၂ | ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါတို့ ကမ္ဘောဒီးယားနိုင်ငံ၌တွေ့ဆုံ၊ မြန်မာ့ဒီမိုကရေစီအရေးအတွက် အာဆီယံ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးချုပ်ဟွန်ဆန်က တိုက်တွန်းခဲ့။ |